# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 30 , 2022 Volume 52, Number 20


**၃၀.၃.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၆ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၄၃၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၇၀ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၈၂.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၃.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၃၆.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၅.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၀.၀၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၄၅၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၀၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၂.၈၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၃၈၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဘဏ်များက မြန်မာကျပ်ငွေဖြင့်ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် အချိုးသုံးရာခိုင်နှုန်းသို့ ယာယီပြင်ဆင်လျှော့ချသတ်မှတ်သည့်ကာလနှင့် တွက်ချက်မှုပုံစံသစ်ကို ၂၀၂၂ ခုနှစ် မတ် ၃၀ ရက်မှ ၂၀၂၃ ခုနှစ် မတ်လကုန်အထိ သက်တမ်းတိုးမြှင့်

ဘဏ်များက မြန်မာကျပ်ငွေဖြင့်ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် အချိုးသုံးရာခိုင်နှုန်းသို့ ယာယီပြင်ဆင်လျှော့ချသတ်မှတ်သည့်ကာလနှင့် တွက်ချက်မှု ပုံစံသစ်ကို ၂၀၂၂ ခုနှစ် မတ် ၃၀ ရက်မှ ၂၀၂၃ ခုနှစ် မတ်လကုန်အထိ တစ်နှစ်သက်တမ်း တိုးမြှင့်လိုက်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ညွှန်ကြားချက်အမှတ်(၃/၂၀၂၂)ကို ၂၀၂၂ ခုနှစ် မတ် ၂၅ ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်လုပ်ငန်းကဏ္ဍ၏ ဘဏ္ဍာငွေဖြည့်ဆည်းမှုကိုတိုးမြှင့်ရန်နှင့် ဘဏ်စနစ်အတွင်း ငွေကြေးလုံလောက်မှုကို အထောက်အကူပြုစေရန်အတွက် ဘဏ်များက မြန်မာကျပ်ငွေဖြင့်ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေ လိုအပ်ချက်အချိုး(သုံးရာခိုင်နှုန်း)သို့ ယာယီပြင်ဆင်လျှော့ချသတ်မှတ်သည့်ကာလတိုးမြှင့်ခြင်းအား ရည်ညွှန်းချက်-၁ (မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၇.၁.၂၀၂၁)ရက်စွဲပါ ညွှန်ကြားချက်အမှတ်(၁၃/၂၀၂၁)ပါ ညွှန်ကြားချက်ဖြင့် ထုတ်ပြန်ခဲ့သည်။

ထို့နောက် ဘဏ်များ၏ငွေသားစီမံခန့်ခွဲမှု ကောင်းမွန်စေရန်နှင့်ဘဏ်စနစ်အတွင်း ငွေကြေးလုံလောက်မှုကို ပိုမိုအထောက်အကူပြုစေရန်အတွက် ဘဏ်များက မြန်မာကျပ်ငွေဖြင့်ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် အချိုးတွက်ချက်မှုအား ဘဏ်များ၏စာရင်းရှင်အပ်ငွေ (CAB) အပြင် ဘဏ်များလက်ဝယ်ရှိငွေသား (Cash at Bank) ကိုပါ ထည့်သွင်းတွက်ချက်သည့် တွက်ချက်မှုပုံစံသစ် ပြင်ဆင် သတ်မှတ်ခြင်းအား ရည်ရွှည်ချက်-၂ (မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၂၅.၁၁.၂၀၂၁)ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁၉/၂၀၂၁)ပါ ညွှန်ကြားချက်ဖြင့် ထုတ်ပြန်ခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်စနစ်အတွင်း ငွေကြေး လုံလောက်မှုကို ဆက်လက်၍ အထောက်အကူဖြစ်စေရန်နှင့် ဘဏ်များ၏ ငွေသား စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်စေရန်အတွက် ဘဏ်များက မြန်မာကျပ်ငွေဖြင့် ထားရှိရမည့် အနည်းဆုံး သီးသန့်ငွေလိုအပ်ချက်အချိုးအား သုံးရာခိုင်နှုန်းသို့ ယာယီပြင်ဆင်လျှော့ချ သတ်မှတ်သည့်ကာလနှင့် တွက်ချက်မှုပုံစံသစ်အသုံးပြုသည့် အကျုံးဝင်ကာလတို့အား ၂၀၂၂ ခုနှစ် မတ် ၃၀ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အထိ တစ်နှစ်သက်တမ်းတိုးမြှင့် သတ်မှတ်လိုက်သည်။ ညွှန်ကြားချက် (၁၉/၂၀၂၁) ပါ အကျုံးဝင်သည့်ကာလအား ယခုညွှန်ကြားချက်ဖြင့် လွှမ်းမိုးလိုက်သည်ဟုလည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အထက်အပိုဒ်(၃)ပါ ယာယီပြင်ဆင်သတ်မှတ်ခြင်းသည် သက်တမ်းကာလတိုးမြှင့်ခြင်းမှလွဲ၍ အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် ပြည့်မီလိုက်နာမှုမရှိခြင်းအတွက် ဒဏ်ကြေးဆိုင်ရာသတ်မှတ်ခြင်းများသည် ယခင်အတိုင်းမပြောင်းလဲဘဲ ဆက်လက်တည်ရှိမည်ဖြစ်သည်။

ဘဏ်စနစ်တစ်ခုလုံး လုံခြုံခိုင်မာမှုရှိစေရန် ဘဏ်များက နိုင်ငံတော်ဗဟိုဘဏ်၏ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနသို့ အစီရင်ခံစာများ ပေးပို့ရသည်။ နေ့စဉ်ပေးပို့ရသည့် အစီရင်ခံစာများမှာ မတည်ရင်းနှီးငွေ၊ အပ်ငွေ၊ ချေးငွေ၊ ငွေလွှဲဆောင်ရွက်မှု၊ ဝင်ငွေနှင့်အသုံးစရိတ်၊ အစိုးရငွေချေး သက်သေခံလက်မှတ်များပိုင်ဆိုင်မှု၊ ငွေဝင်/ငွေထွက်စာရင်း၊ အစမ်းရှင်းတမ်းအခြေအနေနှင့် နေ့စဉ်ထိန်းသိမ်းရမည့် နိုင်ငံခြားငွေကြေးအခြေအနေတို့ဖြစ်သည်။ အပတ်စဉ်ပေးပို့ရမည့်အစီရင်ခံစာမှာ ငွေကြေးလွယ်ကူမှုအချိုးဖြစ်သည်။ လစဉ်ပေးပို့ရမည့်အစီရင်ခံစာများမှာ ဝင်ငွေနှင့်အသုံးစရိတ်အခြေအနေ၊ လက်ကျန်ရှင်းတမ်း၊ မတည်ငွေရင်းလုံလောက်မှုအချိုးနှင့် ရရန်ပိုင်ခွင့်အမျိုးအစားခွဲခြားခြင်းနှင့် လျာထားခြင်းစာရင်း၊ သုံးလတစ်ကြိမ်ပေးပို့ရမည့် အစီရင်ခံစာများမှာ ပမာဏကြီးမားသောကြွေးမြီများစာရင်း၊ ကဏ္ဍအလိုက် ထုတ်ချေးထားသော ငွေစာရင်းနှင့် အာမခံအမျိုးအစားအလိုက် ချေးငွေစာရင်း၊ နှစ်စဉ်ပေးပို့ရသော အစီရင်ခံစာများမှာ ဘဏ်၏နှစ်ချုပ် အစီရင်ခံစာနှင့် ပြင်ပစာရင်းစစ် အစီရင်ခံစာတို့ဖြစ်သည်။

**Source:** https://news-eleven.com/article/228298

## မတ်လ ၁၉ ရက်မှ ၂၅ ရက်နေ့များအတွင်း ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၉ ရက်မှ ၂၅ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများမှာ တစ်သျှူး၊ ငှက်ပျော၊ မြေထောက်ပဲ၊ ကြံ၊ ရွှေဖရုံသီး၊ ငရုတ်သီး(အခြောက်)၊ ဖရဲသီး၊ နှမ်းနက်များတင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၆၇၇၁၁၄ ဒသမ ၄၆ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏမှာ ၃၆၀၁၄၈၂ ဒသမ ဝ၆ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၄၂၇၈၅၉၆ ဒသမ ၅၂ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ စက်နှင့်စက်ပစ္စည်းများ၊ ချည်ထည်များ၊ ဆေးဝါးပစ္စည်းများ၊ လယ်ထွန်စက်များ၊ ဓါတ်မြေဩဇာများ၊ တွင်းထွက်(သတ္တုမှအပ)ဆောက်လုပ်ရေးပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ကုန်ထုတ်စက္ကူများ၊ လျှပ်စစ်မီးသီးနှင့်မီးချောင်းများ၊ Empty Cargo Container 45' Feet များတင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၂၃၄၉၁၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၉၆၂၈၃ ဒသမ ၆ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၃၃၁၁၉၃ ဒသမ ၆ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၅၇ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၀ ဒသမ ၁၁ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနော်မြေကုန်သွယ်မှုဗဟိုဌာန**

## ဈေးကွက်အတွင်းရောင်းချနေသည့် အသားလုံး၊ အသားချောင်းများတွင် ကျန်းမာရေးကိုထိခိုက်စေသည့် ခွင့်ပြုပမာဏထက်ကျော်လွန်နေသည့် ပစ္စည်းများပါဝင်ကြောင်း တွေ့ရှိရဟုထုတ်ပြန်

ဈေးကွက်အတွင်း ရောင်းချနေသည့် အသားလုံး၊ အသားချောင်းများတွင် ကျန်းမာရေးကိုထိခိုက်စေသည့် ခွင့်ပြုပမာဏထက်ကျော်လွန်နေသည့်ပစ္စည်းများ ပါဝင်ကြောင်းတွေ့ရှိရဟု မြန်မာနိုင်ငံအစားအသောက်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ထုတ်ပြန်သည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသည့် အသားလုံးအသားချောင်းများကို ဝယ်ယူစစ်ဆေးရာတွင် အချို့အမှတ်တံဆိပ်များမှာ ကျန်းမာရေးကို ထိခိုက်စေနိုင်သော ခွင့်ပြုအစားအသောက်ပမာဏထက် ပိုမိုကျော်လွန်သုံးစွဲထားသည်ကိုတွေ့ရှိရကြောင်း၊ ၎င်းအစားအသောက်များကို စားသုံးမိပါက ကလေးသူငယ်များ၊ ကိုယ်ဝန်သည်များနှင့် သက်ကြီးရွယ်အိုများတွင်

လတ်တလောအနေဖြင့် ယားယံခြင်း၊ ပျို့အန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ဗိုက်အောင့်ဗိုက်နာဖြစ်ခြင်းတို့ ခံစားရနိုင်သည့်အပြင် ရေရှည်တွင် အစာအိမ်၊ အသည်း၊ ကျောက်ကပ်များပျက်စီးနိုင်ခြင်းနှင့် ကင်ဆာရောဂါများဖြစ်ပွားစေနိုင်သည်ဟု ဖော်ပြထားသည်။

ကျန်းမာရေးကို ထိခိုက်စေသည့် ခွင့်ပြုပမာဏထက် ကျော်လွန်နေသည့် ပစ္စည်းများပါဝင်သော အသားလုံး၊ အသားချောင်း အမှတ်တံဆိပ်များမှာ ကောင်းဘွိုင်ပုံပါ အမှတ်တံဆိပ်၊ PS food ၊ ကြက်ပုံပါ hai Star၊ K and P PS- Food၊ AI Cheng၊ TRK၊ K and P၊ TSP၊ Thai Star၊ ထိုင်းစာသားပါ ကြက်ဖပုံ၊ ထိုင်းစာသားပါ ဂဏန်း၊ B4 New၊ Thai Star၊ ကြက်ဘီဘီ၊ JSP Food၊ P and J၊ Top GP အမှတ်တံဆိပ်များဖြစ်ကြောင်း မြန်မာနိုင်ငံ အစားအသောက်ဆေးဝါးကွက်ကဲရေးဦးစီးဌာနက ထုတ်ပြန်သည်။

ပြီးခဲ့သည့်လပိုင်းက အသားလုံး၊ အသားချောင်းအချို့ကို စားသုံးမိသဖြင့် ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ရှိ ကျေးရွာအချို့၊ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ကျေးရွာအချို့တွင် ကလေးငယ်အချို့ မူးဝေခြင်း၊ အော့အန်ခြင်း၊ အောက်စီဂျင်မဝခြင်းများ ခံစားခဲ့ရသည်။

**Source:** https://news-eleven.com/article/228257

## ရေဝတီတိုင်းဒေသကြီးတွင် သီဟိုဠ်စေ့ ယခင်နှစ်ကထက်ဈေးနှုန်းမြင့်တက်နေသဖြင့် ဈေးကွက်သွက်နေ



Source: ရတနာပုံသတင်းစာ

ဧရာဝတီတိုင်းဒေသကြီးတွင် သီဟိုဠ်စိုက်ပျိုးကေ ခြောက်သောင်းခွဲခန့် စိုက်ပျိုးဆောင်ရွက်နေကြပြီး ယခင်နှစ်ကထက် ယခုနှစ်တွင် သီဟိုဠ်စေ့ဈေးနှုန်း မြင့်တက်နေသဖြင့် ဈေးကွက်သွက်နေကြောင်း ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏ မတ် ၂၈ ရက် သတင်းများအရ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများကို အဓိကလုပ်ကိုင်ဆောင်ရွက်နေသော်လည်း သီဟိုဠ်စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း စီးပွားဖြစ်စိုက်ပျိုး လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ သီဟိုဠ်စေ့မှာ ပြည်တွင်း၊ ပြည်ပဝယ်လိုအားရှိနေသည့် စိုက်ပျိုးရေးထွက်ကုန်တစ်ခုဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလကုန်မှစတင်၍ သီဟိုဠ်စေ့များ ဈေးကွက်သို့ဝင်ရောက်နေပြီး မတ်လတွင် လှိုင်လှိုင်ဝင်ရောက်နေပြီးဖြစ်ကြောင်း၊ ယခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ သီဟိုဠ်စေ့စိုက်ကေ ၆၅၀၀၀ ခန့်ရှိပြီး မြောင်းမြခရိုင်၊ ဟသ်ာတခရိုင်၊ လပွတ္တာခရိုင် ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းခြေဒေသ ကျေးရွာများအပြင် ချောင်းသာ၊ ငွေဆောင်ဒေသများတွင် အများဆုံးစိုက်ပျိုးလုပ်ကိုင်နေခြင်းဖြစ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိလာသည့် သီဟိုဠ်စေ့များကို ရန်ကုန်မြို့နှင့် ပုသိမ်မြို့ဈေးကွက်တို့သို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

ပုသိမ်မြို့ပေါ်တွင် သီဟိုဠ်စေ့ကုန်ကြမ်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့၍ ရန်ကုန်ရှိသီဟိုဠ်စေ့ခွဲစက်များမှ ကုန်ချောပြုလုပ်ကာ ပြည်ပသို့တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း၊ ပင်ရင်းဈေးကွက်များတွင် ယခင်နှစ်က သီဟိုဠ်စေ့ပေါ်ချိန်တွင် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ မှ ၂၀၀၀ သာပေါက်ဈေးရရှိခဲ့ပြီး ယခုနှစ် သီဟိုဠ်စေ့ပေါ်ချိန်တွင် တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ မှ ၃၃၀၀ ထိပေါက်ဈေးရရှိသဖြင့် တောင်သူများ တွက်ခြေကိုက်နေကြောင်းသိရသည်။

Source: ရတနာပုံသတင်းစာ

## မန္တလေးတိုင်းဒေသကြီးဈေးကွက်တွင် နောင်ချိုဘက်မှထွက်ရှိသည့်အာလူးများ ဈေးနှုန်းအတက်ဘက်ရောက်လာ

မန္တလေးဈေးကွက်တွင် နောင်ချိုဘက်မှထွက်ရှိသည့် အာလူးများဈေးနှုန်းအတက်ဘက်ရောက်လာကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း ပြည်ပကအာလူးများအဝင်မရှိသည့်အပြင် ပခုက္ကူနှင့်ရေဦးဘက်မှထွက်ရှိသည့် အာလူးများမှာလည်း ဈေးကွက်အတွင်းလက်ကျန်မရှိတော့ကြောင်း၊ ထိုသို့ကုန်စည်လက်ကျန်မရှိတော့ခြင်းကြောင့်

နောင်ချိုဘက်မှထွက်ရှိသည့် အာလူးတစ်မျိုးတည်းသာ မန္တလေးဈေးကွက်အတွင်းကျန်ရှိနေပြီး ဈေးနှုန်းများလည်းမြင့်တက်လာကြောင်း သိရသည်။

"အခု ပြည်တွင်းကထွက်တဲ့ အာလူးတွေတော်တော်များများ မန္တလေးဈေးကွက်အတွင်း လက်ကျန်မရှိတော့ပါ။ နောင်ချိုဘက်ကထွက်တဲ့ အာလူးတွေကိုပဲ မန္တလေးဈေးကွက်အတွင်းမှာ အလုအယက်ဝယ်နေတာကြောင့် ဈေးတွေကလဲ တဖြည်းဖြည်းတက်လာတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း နောင်ချိုဘက်မှထွက်ရှိသည့် အာလူးဈေးနှုန်းမှာ မတ်လတတိယပတ်က တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း မတ်လ စတုတ္ထပတ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ ခန့်ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"အခုလတ်တလော အာလူးဈေးကွက်မှာ အရောင်းအဝယ်ပြန်ပြီးကောင်းလာတယ်။ ပြည်ပက အာလူးအဝင်မရှိတော့ ဒီမှာရှိတဲ့အာလူးပဲ အရောင်းအဝယ်ကောင်းပြီး ဈေးနှုန်းလဲကောင်းနေတာပါ"ဟု ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ပုသိမ်မြို့ဈေးကွက်တွင် စပါးဈေးများ ၄ ရက်အတွင်း ကျပ် ၅၀၀၀၀ အထက် ဈေးတက်လာပြီး ဆန်ဈေးများလည်း ဆက်တက်



https://greenwaymyanmar.com

ဧရာဝတီဈေးကွက်မှာ ပုသိမ်ပေါ်ဆန်းစပါးဈေးဟာ မတ် ၂၅ ရက်ကနေ ဒီနေ့ ၂၉ ရက်ထိ ၄ ရက်အတွင်း ကျပ် ၅၀၀၀၀ ကျော် ဈေးတက်လာပြီး ဆန်ဈေးများလည်း ဆက်တက်နေတယ်လို့ ပုသိမ်ဈေးကွက်ထံမှ ရရှိတဲ့သတင်းတွေအရ သိရပါတယ်။

မတ် ၂၅ ရက်က တင်းတစ်ရာကို ၁၀၀၈၀၀၀ သာရှိခဲ့တဲ့ ပုသိမ်ပေါ်ဆန်း(မိုး) စပါးဟာ ဒီနေ့ မတ် ၂၉ မှာတော့ ကျပ် ၁၀၆၀၀၀၀ ထိ ဈေးရှိနေပြီး လေးရက်အတွင်း ကျပ် ၅၂၀၀၀ ဈေးတက်လာတာဖြစ်ပါတယ်။ ဆန်ဈေးအနေနဲ့တော့ တစ်တင်းခွဲတစ်အိတ်ကို ကျပ် ၃၅၀၀ ဈေးတက်လာပြီး မတ် ၂၅ ရက်က ကျပ် ၄၁၅၀၀ သာ ရှိခဲ့ရာကနေ မတ် ၂၉ မှာတော့ ကျပ် ၄၅၀၀၀ ဖြစ်သွားတာပါ။

မိုးစပါး အကြမ်းတွေလည်း ဈေးသိသိသာသာ တက်လာပြီး မတ် ၂၅ ရက်က မနောသုခ (မိုး) စပါးဟာ တင်းတစ်ရာကို ၇၂၇၀၀၀ သာ ဈေးရှိခဲ့ရာကနေ မတ် ၂၉ မှာတော့ ၇၈၂၀၀၀ ထိ ဖြစ်လာလို့ လေးရက်အတွင်း ကျပ် ၅၅၀၀၀ ဈေးတက်လာတာပါ။ ဆန်ဈေးအနေနဲ့တော့ တစ်အိတ်ကို ကျပ် ၁၅၀၀ ဈေးတက်လာပြီး ၂၈၅၀၀ ကနေ ၃၀၀၀၀ ဖြစ်သွားတယ်လို့ သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ မတ် ၂၅ ရက်ကနေ ဒီနေ့အထိ ဆန်ဈေးတွေတည်ငြိမ်နေပြီး ဆန်အဝင်များနေတာကြောင့် ဖြစ်တယ်လို့ သိရပါတယ်။ နယ်ဈေးကွက်မှာတော့ ဆန်စပါးဈေးတွေက ဆက်တိုက်ဈေးတက်နေခဲ့တာဖြစ်ပြီး အဓိကကတော့ သယ်ယူပို့ဆောင်စရိတ်နဲ့ စက်သုံးဆီစရိတ်မြင့်တက်တာတွေကြောင့်ဖြစ်တယ်လို့သိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/Paddy_Rice_High_Prices

## မြောင်းမြမြို့နယ်တွင် ဓနိဈေးကောင်းရရှိသဖြင့် ဓနိလုပ်ငန်းရှင်များနှင့် ဓနိလုပ်သားများ အဆင်ပြေနေ



Source: ရတနာပုံသတင်းစာ

ဧရာဝတီတိုင်းဒေသကြီးမြောင်းမြမြို့နယ်တွင် ဒေသထွက်ကုန်တစ်ခုဖြစ်သည့် ဓနိများ ယခုနှစ် မတ်လအတွင်း ဈေးကောင်းရရှိသဖြင့် ဓနိလုပ်ငန်းရှင်များနှင့်ဓနိထိုးလုပ်သားများ အဆင်ပြေနေကြောင်း မြောင်းမြမြို့ရှိ ဓနိရောင်းဝယ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ဖေဖော်ဝါရီလအတွင်းက ဓနိပျစ် ၁၀၀ လျှင် ငွေကျပ် ၄၅၀၀ မှ ၅၅၀၀ ထိသာရှိခဲ့ပြီး မတ်လပထမပတ်မှစတင်၍ ဓနိများဈေးကောင်းလာကာ ယနေ့ (၂၉.၃.၂၀၂၂)တွင် ဓနိပျစ် ၁၀၀ လျှင် ငွေကျပ် ၇၅၀၀ မှ ၈၀၀၀ ထိဈေးကောင်းလာခြင်းသည်

နွေစပါးမရိတ်မီ၊ လယ်ယာလုပ်ငန်းမဝင်မီ နေအိမ်များကို ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်လာခြင်းကြောင့် ဝယ်ယူမှုအားကောင်းပြီး ဈေးကောင်းလာကာ ဓနိလုပ်ငန်းရှင်များအပြင် ဓနိထိုးလုပ်သားများပါ အဆင်ပြေလာခြင်းဖြစ်ကြောင်း သိရသည်။

"ဓနိဈေးက အရင်လတွေထက်အခုလက ပိုဈေးကောင်းရတယ်။ ဓနိပျစ် ၁၀၀ ကို ငွေကျပ် ၇၅၀၀ ကနေ ၈၀၀၀ ထိ ရောင်းဈေးကောင်းနေတယ်။ ဒီနှစ် ဓနိပေါ်ကာလမှာ ဈေးကောင်းရနေတော့ ဒေသမှာရှိတဲ့ ဓနိလုပ်ငန်းကို မှီခိုနေရတဲ့ ဓနိခုတ်လုပ်သားနဲ့ ဓနိထိုးလုပ်သားတွေပါ အဆင်ပြေနေတာပါ"ဟု မြောင်းမြမြို့ရှိ ဓနိထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးမင်းမင်းလတ်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် သိလ္လာ၊ ဂုတ်စု၊ ထန်းကုန်း၊ ရှမ်းရေကျော်၊ ထုံးဘို၊ မိကျောင်းအိုင်၊ ဆင်ကူးစသည့်ကျေးရွာများက ဓနိအများအပြားထုတ်လုပ်ထွက်ရှိကြောင်း၊ ဓနိအချောထည်ဖြစ်လာစေရန် ဓနိခုတ် အမျိုးသားတစ်ဦးလျှင် တစ်ရက်လုပ်အားခ ငွေကျပ် ၆၀၀၀ နှင့် ဓနိထိုးအမျိုးသမီးတစ်ဦးလျှင် တစ်ရက်လုပ်အားခ ငွေကျပ် ၅၀၀၀ ပေးငွေရကြောင်း၊ အဆိုပါဒေသများက ထွက်ရှိလာသော ဓနိများကို အိမ်မဲ၊ ကျောင်းကုန်း၊ ပန်းတနော်၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ညောင်တုန်းစသည့်မြို့နယ်များသို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

စီးပွားရေးသံမှူးသတင်းများ

## ဘယ်လ်ဂျီယံနိုင်ငံရှိ စူပါမားကတ်များက ဆီ၊ ဂျုံမှုန့်စသည်တို့ကို အရေအတွက်ကန့်သတ်၍ ရောင်းချလျက်ရှိခြင်း

ဘယ်လ်ဂျီယံနိုင်ငံရှိ စူပါမားကတ်ကြီးများဖြစ်ကြသော Colruyt၊ Lidl၊ Aldi နှင့် Carrefour စသည်တို့သည် ဆီ၊ ဂျုံမှုန့် စသည့် ထုတ်ကုန်များအား အရေအတွက်ကန့်သတ်၍ ရောင်းချလာကြကြောင်းသိရပါသည်။ Aldi စူပါမားကတ်က ဆီနှင့်ဂျုံမှုန့်တို့ကို ဈေးဝယ်သူတစ်ဦးလျှင် အရေအတွက် (၃) ခု အထိသာ ဝယ်ယူရန်သတ်မှတ်ထားကြောင်း၊ Colruyt စူပါမားကတ်၌ ဈေးဝယ်သူတစ်ဦးလျှင် ဆီ (၂) ပုလင်းနှင့် ဂျုံမှုန့် (၂) ထုပ်အထိသာ ဝယ်ယူရန်သတ်မှတ်ထားခြင်းဖြစ်ကြောင်း သိရပါသည်။

ယူကရိန်းနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ဂျုံနှင့်နေကြာဆီတို့ကို အများဆုံးထုတ်လုပ်သည့် ကမ္ဘာ့နိုင်ငံများတွင်ပါဝင်ပါသည်။ လက်ရှိတွင်၎င်းထုတ်ကုန်များ ပြတ်လပ်မှုမရှိသေးသော်လည်း ရုရှားနှင့် ယူကရိန်းပဋိပက္ခအပေါ် စိုးရိမ်စိတ်ဖြင့် စားသုံးသူများက ပိုမိုဝယ်ယူစုဆောင်းလာကြခြင်း ကြောင့် ပစ္စည်းပြတ်လပ်မှုဖြစ်ပေါ်နိုင်ကြောင်း ဘယ်လ်ဂျီယံရှိ စူပါမားကတ်များက ဆိုသည်။ ထုတ်လုပ်သူများအနေဖြင့် ဝယ်လိုအားကိုပြည့်မီအောင်ထုတ်လုပ်နိုင်သော်လည်း ထောက်ပံ့ပို့ဆောင်ရေးပိုင်းပြဿနာကို ကြုံတွေ့နေရသဖြင့် ထုတ်ကုန်များသည် ၎င်းတို့၏ စတိုးဆိုင်များသို့ မြန်မြန်ဆန်ဆန် ရောက်ရှိနိုင်မည်မဟုတ်ကြောင်း Aldi စူပါမားကတ်က ဆိုသည်။

အလားတူ Lidl နှင့် Carrefour စတိုးဆိုင်များကလည်း ဆီနှင့်ဂျုံမှုန့်အပါအဝင် အချို့သောကုန်စည်များအား အရေအတွက်ကန့်သတ်၍ ရောင်းချမည်ဖြစ်ကြောင်း၊ ဘယ်လ်ဂျီယံရှိ စူပါ မားကတ်များအနေဖြင့် ၎င်းကုန်စည်များရောင်းချရမှု အမြင့်ဆုံးသို့ရောက်ရှိလာသည်ကို သတိပြုမိလာကြကြောင်း သိရပါသည်။ ယူကရိန်းနှင့် ရုရှားတို့သည် ဂျုံနှင့် နေကြာဆီတို့ကို အများအပြား ထုတ်လုပ်သည့်နိုင်ငံများဖြစ်ရာ လက်ရှိဖြစ်ပေါ်နေသည့် ပဋိပက္ခနှင့်ရုရှားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု များကြောင့် ၎င်းကုန်စည်များ၏ ဈေးနှုန်းမြင့်တက်လာနိုင်သည်ဟု မျှော်မှန်းထားပါသည်။ ဘယ်လ်ဂျီယံနိုင်ငံရှိ စူပါမားကတ် များသည် ဂျုံဈေးနှုန်းမြင့်လာမှု၏ အကျိုးဆက်အဖြစ် ပေါင်မုန့်ဈေးနှုန်းများ မြင့်တက်လာမှုနှင့် ပစ္စည်းပြတ်လပ်မည်ကို စိုးရိမ်နေခဲ့ကြပြီးဖြစ်ရာ ဂျုံမှုန့်နှင့်ဆီကဲ့သို့သော အခြားကုန်ကြမ်းပစ္စည်းများ ပြတ်လပ်ခြင်းမရှိစေရန် ယခုကဲ့သို့ ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရပါသည်။

Carrefour စူပါမားကတ်အနေဖြင့် ဝယ်ယူသူများ၏ ပြောင်းလဲလာသည့် အမူအကျင့်များကြောင့် အချို့ကုန်ပစ္စည်းများ၏ ဝယ်လိုအားတိုးတက်လာသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် ၎င်း၏စတိုးဆိုင်တစ်ဆိုင်ချင်းစီတွင် ကုန်ပစ္စည်းများ ဝယ်ယူမှု အခြေအနေကို သုံးသပ်လျက်ရှိပြီး၊ မည်သည့်ကုန်ပစ္စည်းများအပေါ် ကန့်သတ်ရောင်းချမှုများပြုလုပ်မည်ကို သက်ဆိုင်ရာ

စတိုးဆိုင်အပေါ်မူတည်၍ ဆုံးဖြတ်သွားနိုင်ကြောင်း သိရပါသည်။

Source: (1)https://www.vrt.be/vrtnws/en/2022/03/22/supermarkets-ration-oils-and-flour/

(2)https://www.brusselstimes.com/business/211897/aldi-and-carrefour-rationing-products-after-spike-in-demand

**ကျော်စိန်ဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်)**

## အနောက်နိုင်ငံများမှ တားဆီးပိတ်ဆို့မှုများကြောင့် ဗီယက်နမ်မှရုရှားသို့ ပို့ကုန်တင်ပို့ရာတွင် နှောင့်နှေးမှုများဖြစ်ပေါ်

အမေရိကန်နှင့်အနောက်နိုင်ငံများက ရုရှားနိုင်ငံအပေါ် တားဆီးပိတ်ဆို့မှုများချမှတ်ကြသဖြင့် ရုရှားနိုင်ငံသို့ ဗီယက်နမ်မှ တင်ပို့နေသည့်ပို့ကုန်ပစ္စည်းများ၏ အမှာစာများနှင့် ငွေပေးငွေယူလုပ်ငန်းစဉ်များအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေလျက်ရှိပါသည်။

ဗီယက်နမ်မှ ရုရှားသို့ နှစ်စဉ် အမေရိကန်ဒေါ်လာသန်း (၃၀)ဝန်းကျင်တန်ဖိုးရှိ ကော်ဖီ၊ ငရုတ်ကောင်းနှင့် အခြား ထုတ်ကုန်များကို တင်ပို့လျက်ရှိပါသည်။ သို့ရာတွင် ပြီးခဲ့သည့်လအတွင်း ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံသို့ ဝင်ရောက် ခဲ့ပြီးချိန်မှစ၍ အနောက်နိုင်ငံများမှ တားဆီးပိတ်ဆို့မှုများပြုလုပ်လာရာ၊ ပို့ကုန်အမှာစာများကို ဆိုင်းငံ့ထားခဲ့ရပါသည်။

ရုရှားဘဏ်အချို့အား SWIFT ငွေပေးစနစ်မှ ပိတ်ပင်လိုက်ပြီးနောက် ရူဘယ်လ်ငွေတန်ဖိုး ကျဆင်းသွားခြင်းကြောင့် ရုရှားသို့တင်ပို့ရန် မှာယူသည့်ကုန်အမှာစာများ၏ တန်ဖိုးမှာ ထက်ဝက်ကျဆင်းသွားခြင်းနှင့် ငွေပေးချေသည့်လုပ်ငန်းစဉ်များ နှောင့်နှေးသွားခြင်းတို့ ဖြစ်ပေါ်လာပါသည်။

ထို့ပြင် လတ်ဆတ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ဗီယက်နမ်မှ ရုရှားသို့တင်ပို့ရာတွင်လည်း သယ်ယူပို့ဆောင်ရေးအခက်အခဲများဖြင့် ကြုံတွေ့နေရခြင်း၊ ဗီယက်နမ်ဘဏ်များနှင့် ၎င်းတို့၏ မိတ်ဖက်ဘဏ်များမှာ SWIFT စနစ်ကို အသုံးပြုနေကြသည့်အတွက် ရုရှားနှင့် ငွေပေးငွေယူကိစ္စများ ဆောင်ရွက်ရာ၌ ငြင်းပယ်ခံရခြင်းများနှင့်လည်း ကြုံတွေ့ နေရကြောင်း သိရပါသည်။

၂၀၂၁ ခုနှစ်အတွင်း ဗီယက်နမ်မှ ရုရှားသို့ ပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ (၃.၂) ဘီလီယံခန့်ရှိခဲ့ပြီး၊ တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ (၂.၃) ဘီလီယံခန့်ရှိခဲ့ပါသည်။ ဗီယက်နမ်မှာ ရုရှားသို့အဓိကတင်ပို့နေသည့် ကုန်စည်များအနက် ကွန်ပျူတာများ၊ ကွန်ပျူတာအစိတ်အပိုင်းများ၊ တယ်လီဖုန်းများ၊ အထည်အလိပ်များ၊ ကော်ဖီနှင့်လျှပ်စစ်ပစ္စည်းများ ပါဝင်ပါသည်။

ဗီယက်နမ်နှင့် ယူကရိန်းတို့၏ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ (၁) ဘီလီယံအောက်ရှိပြီး၊ ရှေးယခင်ကတည်းက ကူးသန်းရောင်းဝယ်မှုများ ပြုလုပ်လာသည့်ကုန်သွယ်ဖက်နိုင်ငံဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း နှစ်နိုင်ငံကြား ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ (၇၂၀.၅)သန်းအထိရောက်ရှိခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်ကထက် (၅၁) ရာခိုင်နှုန်းတိုးတက်လာခဲ့ခြင်းဖြစ်ပါသည်။ ဗီယက်နမ်မှယူကရိန်းသို့ အဓိကတင်ပို့သည့်ပစ္စည်းများမှာ ကွန်ပျူတာများနှင့်ဖိနပ်များဖြစ်ကြပါသည်။

ဗီယက်နမ် စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ခန့်မှန်းချက်အရ တားဆီးပိတ်ဆို့မှုများကြောင့် ဗီယက်နမ်၏ ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ကုန်စည်သယ်ယူပို့ဆောင်မှုနှင့် ငွေပေးချေမှုများအပေါ် ရေတို/ရေရှည်သက်ရောက်မှုများနှင့် ကြုံတွေ့ ရမည်ဖြစ်ကာ၊ ရုရှား၊ ယူကရိန်း၊ ဘဲလာရုစ်နှင့် အခြားဆက်စပ်နေသည့်ဈေးကွက်များနှင့် စီးပွားရေးလုပ်ငန်းပူးပေါင်းမှုများ အပေါ်တွင်လည်း သက်ရောက်မှုများ ဖြစ်လာမည်ဖြစ်ကြောင်း သိရပါသည်။

ရုရှားနှင့် ယူကရိန်းနိုင်ငံများသည် ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ဂျုံ၊ အလူမီနီယံ၊ နီကယ်နှင့်ပြောင်းတို့ကို အဓိက ထုတ်လုပ်သည့်နိုင်ငံများဖြစ်ကြသဖြင့် ယခုဖြစ်ပေါ်သည့် အကြပ်အတည်းကြောင့် ရေနံနှင့်ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာခြင်းမှာ ပထမဆုံး ကြုံတွေ့ရသည့်ပြဿနာဖြစ်ပါသည်။

ထို့ပြင် ဗီယက်နမ်နှင့် ရုရှားအကြား ကုန်စည်သယ်ယူပို့ဆောင်ပေးရန် အချို့သင်္ဘောလိုင်းများက ငြင်းဆိုကြသည့် အတွက် သယ်ယူပို့ဆောင်ရေးကြန့်ကြာမှုနှင့်အတူ သယ်ယူ ပို့ဆောင်ခများလည်း မြင့်တက်လာပါသည်။

လေကြောင်းသယ်ယူပို့ဆောင်မှုအပေါ် တားဆီးပိတ်ဆို့မှုများကြောင့်လည်း အခြားလမ်းကြောင်းများမှ ပျံသန်းပြေးဆွဲလာရသဖြင့် ကမ္ဘာ့ကုန်စည်သယ်ယူပို့ဆောင်မှုစနစ်များအပေါ် စရိတ်စကနှင့်ဝန်ထုပ်ဝန်ပိုးများ မြင့်တက်လာရာ၊ ထုတ်လုပ်သူ

ဈေးနှုန်းများလည်း မြင့်တက်လာပါသည်။ သို့ရာတွင် ယခုကဲ့သို့ ဖြစ်ပေါ်နေသော်လည်း ဗီယက်နမ်နှင့်ရုရှားတို့၏ နှစ်နိုင်ငံကူးသန်းရောင်းဝယ်မှုများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် နှစ်ဘက်နိုင်ငံများရှိ လုပ်ငန်းများအချင်းချင်း ငွေပေးငွေယူမှုများနှင့် ကုန်စည်သယ်ယူပို့ဆောင်မှုများနှင့်စပ်လျဉ်း၍ အမြဲမပြတ်ဆက်သွယ်နေကြရန်နှင့် သတိထား ဆောင်ရွက်ကြရန် ဌာနကတိုက်တွန်း ထားပါသည်။

ရုရှားသို့တင်ပို့နေသည့် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများက အခြားဈေးကွက်များသို့ ရောင်းချရန်နှင့် ဗီယက်နမ်နှင့် အခြားနိုင်ငံများချုပ်ဆိုထားသည့် ကုန်သွယ်ရေး သဘောတူစာချုပ်များကိုအသုံးပြု၍ ဈေးကွက်တိုးချဲ့ဆောင်ရွက်သွားရန် စဉ်းစား လာကြပါသည်။

ပြီးခဲ့သည့်လအတွင်း ကျင်းပခဲ့သည့် ဝန်ကြီးများအစည်းအဝေးတွင် ဝန်ကြီးချုပ် Mr. Pham Minh Chinh က ရုရှား-ယူကရိန်းသဘောထားကွဲလွဲမှုကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်များကိုတုံ့ပြန်ရန် အထူးအဖွဲ့တစ်ရပ်ဖွဲ့စည်းရေး လမ်းညွှန်ခဲ့ သည်ဟု သတင်းရရှိပါသည်။

Source: vnexpress (၆-၃-၂၀၂၂)

**ဒေါက်တာရွှေစင်ကို (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ်-နန်နင်း)**

## ကွမ်တုံးပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများမှာ ဟောင်ကောင်ဒေသမှ ကူးစက်ဝင်ရောက်လာခြင်းဖြစ်ကြောင်း

ကွမ်တုံးပြည်နယ်၌ ၂၈-၂-၂၀၂၂ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအရေအတွက် အမြင့်ဆုံးဖြစ်ခဲ့ခြင်းမှာ ဟောင်ကောင်ဒေသမှ ကူးစက်မှုများဝင်ရောက်လာခြင်းကြောင့်ဖြစ်ကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌“Guangdong bears brunt of infections flowing from HK” ခေါင်းစဉ်ဖြင့် ရေးသား ဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ တရုတ်ပြည်မကြီးမှ ကျန်းမာရေး ဝန်ထမ်းများမှ ပြောကြားခဲ့ရာ၌ ကူးစက်မှု (၈၇) ခုမှာ ပြည်တွင်းကူးစက်မှုဖြစ်ပြီး (၁၄၇) ခုမှာ ပြည်ပမှ ကူးစက်မှုများဖြစ်ကြောင်း၊ ကွမ်တုံးပြည်နယ်တွင် ပြည်ပမှ ကူးစက်မှု (၅၃) ခုရှိပြီး ဟောင်ကောင်ဒေသမှ အများဆုံး ကူးစက်ခြင်းဖြစ်ကြောင်း၊ ရှန်းကျန့်၌ ကူးစက်မှု (၃၁) ခုရှိပြီး ကူးစက်မှုအားလုံးမှာ ဟောင်ကောင်ဒေသမှ ကူးစက်လာခြင်းဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသ၌ အိုမီခရွန်ကူးစက်ဖြစ်ပွားမှု မြင့်တက်လျက်ရှိပြီး ကွမ်တုံးပြည်နယ်သို့ ကူးစက်မှုများ ဝင်ရောက်လာသောကြောင့် ကွမ်တုံးပြည်နယ်သည်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ ကန့်သတ်ချက်များတင်းကျပ်ခဲ့ပြီး ဟောင်ကောင်နှင့်ကွမ်တုံးပြည်နယ်အကြား နယ်စပ်ဖြတ်ကျော် ကုန်တင်ကားမောင်းနှင်သူများအား တင်းကျပ်သည့်စည်းမျဉ်းများ သတ်မှတ်ခဲ့ကြောင်း၊ ၂၄-၂-၂၀၂၂ ရက်နေ့က ကုန်တင်ကားမောင်းနှင်သူ (၈၈၂) ဦးမှာ နယ်စပ်ဖြတ်ကျော် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုဥပဒေအား ရှန်းကျန့်မြို့၌ ဖောက်ဖျက်ခဲ့ခြင်းအတွက် ပြစ်ဒဏ်ပေးခဲ့ကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: အေးသီခိုင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်)**

# STOCK EXCHANGE (30.3.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 30th Mar. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 388 | 3,026,400 | 33,109,694 | 258,256 |
| MTSH | 00002 | 2,750 | -50 | -1.79% | 2,800 | 2,800 | 2,750 | 570 | 1,572,900 | 38,929,150 | 107,055 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 18,500 | +0 | +0.00% | 18,500 | 18,500 | 18,500 | 511 | 9,453,500 | 2,472,053 | 45,733 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,600 | -50 | -1.89% | 2,600 | 2,600 | 2,600 | 835 | 2,171,000 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +100 | +2.08% | 4,900 | 4,900 | 4,900 | 6 | 29,400 | 10,497,598 | 51,438 |


## Market summary

As of 30th Mar. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 360.91 | -1.09 | -0.30% | 362.03 | 362.03 | 360.91 | 2,310 | 16,253,200 | 7 | 627,851 |

### Index chart




## Market Overview

### Main Board

As of 1:00 pm, 30th Mar. 2022

| MYANPIX | 360.91 ▼ 1.09 |
|---|---|
| Total Volume (shares) | 2,310 |
| Total Value (MMK) | 16 mil |
| Listed Company | 7 |
| Market Cap. (MMK) | 627,851 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,800 | ▲ 0 |
| MTSH | 00002 | 2,750 | ▼ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 18,500 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,600 | ▼ 50 |
| AMATA | 00007 | 4,900 | ▲ 100 |